# မြန်မာ့နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး – သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍ




နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် နှစ်စဉ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၅၀ ရာခိုင်နှုန်းခန့်အား ထည့်ဝင်ပေးလျက်ရှိသည့်အပြင် ပြည်တွင်းစီးပွားရေးတွင်လည်း ယင်းပမာဏနှင့် ထပ်တူ သုံးစွဲလျက်ရှိပါသည်။ လက်ရှိတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် သယ်ယူပို့ဆောင်ရေးကဏ္ဍမှအစ ချည်မျှင်နှင့် အထည်လိပ် ဘဏ်လုပ်ငန်းများအပါအဝင် သယံဇာတ တူးဖော်ထုတ်လုပ်ရေးအဆုံး တိုင်းပြည်၏ စီးပွားရေးကဏ္ဍ အများအပြားတွင် ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင် နည်းဥပဒေများ ထိန်းကြောင်းနိုင်သည့် အခွင့်အာဏာ အပ်နှင်းထားမှုများကြောင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် မြန်မာ့စီးပွားရေး၏ ပုံသဏ္ဍာန် နှင့် လားရာတို့အား များစွာ သက်ရောက်မှုရှိပါသည်။

သို့ရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံ့စီးပွားရေး လုပ်ငန်းများတွင် တိကျရှင်းလင်းသည့် တာဝန်နှင့် ဝတ္တရားများ မရှိသည့်အပြင် ယင်းတို့၏ စွမ်းဆောင်ရည်မှာလည်း နိုင်ငံတကာ စံနှုန်းများနှင့်ယှဉ်လျှင် များစွာ နိမ့်ကျလျက်ရှိပါသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်များမှစပြီး နိုင်ငံတော်သည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ပရော်ဖက်ရှင်နယ် ဆန်လာစေခြင်း၊ ကော်ပိုရေးရှင်းများအဖြစ် အသွင်ပြောင်းလဲ ဖွဲ့စည်းခြင်း (သို့မဟုတ်) ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း စသည့် ရည်မှန်းချက်များ ထားရှိကာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ပိုမိုလွတ်လပ်သည့် လုပ်ပိုင်ခွင့်များ ပေးခဲ့ပါသည်။

ဤကဲ့သို့ ဆောင်ရွက်မှုများကြောင့် ရလဒ်အမျိုးအမျိုး ထွက်လာပါသည်။ တစ်ဖက်တွင် အရှုံးပေါ်နေသည့် စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်လိုက်ခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးဝန်ထုပ်ဝန်ပိုးအား လျှော့ချပေးနိုင်ခဲ့သည်။ မကြာသေးမီကလည်း အရှုံးပေါ်နေသည့် နိုင်ငံပိုင် စက်ရုံများ၏ ငွေလုံးငွေရင်း သုံးစွဲမှုများအား လျှော့ချရန် လွှတ်တော်မှ ဆောင်ရွက်ခဲ့ပါသည်။


အခြားတစ်ဖက်တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်များမှာ အကြမ်းအားဖြင့် များပြားလျက်ရှိပြီး ထိရောက်စွာ လည်ပတ်နိုင်ခြင်း မရှိသည့်ပြင် လုပ်ငန်းများ၏ ဝင်ငွေတိုးတက်ရရှိမှုမှာလည်း အားနည်းလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအား နိုင်ငံတော်မှ ထိထိရောက်ရောက် ထိန်းကြောင်းပေးနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ချုပ်ဆိုထားသော စာချုပ်များကြောင့် MOGE သည် အကျိုးတူ ကမ်းလွန်လုပ်ကွက်များတွင် ၁၅ ရာခိုင်နှုန်းမှ ၂၀.၄၅ ရာခိုင်နှုန်းအတွင်းသာ ပိုင်ဆိုင်သော်လည်း ယင်းလုပ်ကွက်များ၏ နှစ်စဉ် ဓာတ်ငွေ့ရောင်းချမှုများ၏ ၁၀၀ ရာခိုင်နှုန်းအတွက် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် နှင့် အကောက်ခွန်များအား ပေးဆောင်နေရပါသည်။ ဤကဲ့သို့ နိုင်ငံခြားကုမ္ပဏီများကိုယ်စား MOGE သည် နိုင်ငံတော်သို့ အခွန်ငွေများ ပေးဆောင်နေရသည့်အတွက် MOGE ၏ နှစ်စဉ် ကုန်ကျစရိတ်မှာ ရှိသင့်ရှိထိုက်သည်ထက် များပြားနေသည်ကို တွေ့ရှိရပါသည်။ အလားတူ ပုံစံမျိုးကိုလည်း နိုင်ငံဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်း အကျိုးတူ ဆောင်ရွက်မှုတွင်လည်း တွေ့ရှိရပါသည်။ ဤကဲ့သို့သော စာချုပ်ပါ အချက်များကြောင့် MOGE သည် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်ငွေ ဘီလီယံ ၂၀၀ ကျော် ကုန်ကျခဲ့ပါသည်။ နောက်ထပ် ဥပမာတစ်ခုမှာ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ကုန်းတွင်းရေနံထုတ်လုပ်ရေး လုပ်ငန်းသည် ၂၀၁၅/၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ရငွေ၏ ၇ % ကို တိုးပွားရရှိအောင် ဆောင်ရွက်နိုင်သော်လည်း စုစုပေါင်း ကုန်ကျစရိတ်၏ ၂၉ % အထိ သုံးစွဲခဲ့ပါသည်။ ယင်းက နိုင်ငံခြားသားပိုင် ကမ်းလွန်ရေနံမြေအများစုက မြန်မာ့ရေနံနှင့် ဓါတ်ငွေ့လုပ်ငန်းပိုင် ကုန်းတွင်းရေနံမြေများထက် အမြတ်အစွန်း အမြောက်အများ ပိုမို ရရှိနေသည်ဟု သွယ်ဝိုက်ညွှန်းဆိုနေပါသည်။

ထို့အပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား မိမိခြေထောက်ပေါ်တွင် ရပ်တည် ဆောင်ရွက်လာနိုင်ရန် တွန်းအားပေးသည့်အနေဖြင့် လွန်ခဲ့သောနှစ်များတွင် နိုင်ငံတော်အစိုးရမှ ပြုပြင်ပြောင်းလဲရေးအချို့ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် စိန်ခေါ်မှု အသစ်များသာ တိုး၍ ပေါ်ပေါက်လာပါသည်။ ၂၀၁၂ ခုနှစ်မှစပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအောက်တွင် ရှိသော UFA-Other Accounts များသို့ နှစ်စဉ် အမြတ်ငွေမှ ၅၅ ရာခိုင်နှုန်းအား ပေးသွင်းထားရှိပါသည်။ ဤငွေများအား လုပ်ငန်းသုံးရင်းနှီးငွေများ ထုတ်ယူသုံးစွဲစေကာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ မိမိတို့၏ ငွေကြေးအင်အားအပေါ်တွင် မိမိတို့ကိုယ်တိုင် ရပ်တည်လာနိုင်ရေးအတွက် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

သို့သော် လက်ရှိတွင် အမြတ်အများဆုံး ရရှိနေသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းများ၏ အချို့သော ငွေလုံးငွေရင်း ကုန်ကျစရိတ်များအား သက်ဆိုင်ရာ မိခင်ဝန်ကြီးဌာနများမှတဆင့် နိုင်ငံတော်မှ ဆက်လက်ကျခံပေးလျက်ရှိပါသည်။ ထို့အပြင် အမြတ်အစွန်းမရှိသည့် စီးပွားရေးလုပ်ငန်းများ၏ နှစ်စဉ် အရှုံးနှင့် အသုံးများကို နိုင်ငံတော်မှ စိုက်ထုတ်ပေးနေရသော်လည်း ယင်းတို့၏ Other Account တွင် ငွေများ သိမ်းဆည်းထားပါသည်။ ထို့ကြောင့် ဤဘဏ္ဍာငွေ သိမ်းဆည်းထားရှိမှု စနစ်သည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးတက်လာရန် ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်အား အောက်ဖော်ပြပါ အချက်သုံးချက်ဖြင့် အဟန့်အတား ဖြစ်စေပါသည်။ (၁) အရှုံးပေါ်နေသည့် စီးပွားရေးလုပ်ငန်းများသည် ယင်းတို့၏ ကုန်ကျစရိတ်များအတွက် နိုင်ငံတော်အပေါ်တွင် ဆက်လက် မှီခိုနေနိုင်သောကြောင့် ပိုမို အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ရန် မက်လုံးမရှိခြင်း၊ (၂) အမြတ်ရရှိသည့် လုပ်ငန်းများသည် ယင်းတို့၏ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် နိုင်ငံတော်အပေါ်တွင် ဆက်လက် မှီခိုနေနိုင်သောကြောင့် ငွေလုံးငွေရင်း အသုံးစရိတ် (ဥပမာ Drilling equipment စရိတ်) တို့အား ကျစ်ကျစ်လစ်လစ် စနစ်တကျ သုံးစွဲရန် မက်လုံးမရှိခြင်း၊ (၃) အမြတ်ရရှိသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ရသည့် အမြတ်ငွေများကို သိမ်းဆည်းထားနိုင်သည့်အတွက် အချို့လုပ်ငန်းများတွင် ယင်းအမြတ်ငွေသည် လိုအပ်သည်ထက် များစွာ ပိုမိုလျက်ရှိရာ လက်ရှိထက် ပိုမိုအမြတ်အစွန်းရရန် နှင့် ကုန်ကျစရိတ်လျှော့ချရန် အားထုတ်ဖို့အတွက် မက်လုံးမရှိတော့ပေ။

ဤစနစ်ကြောင့် Other Account များတွင် ငွေသားလက်ကျန် အများအပြား ရှိလျက်နေပေသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ Other Account များတွင် ငွေသားလက်ကျန် ကျပ်ငွေ ၁၁.၄၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံ) ရှိပေသည်။ ပုံ (က) တွင် ယင်းငွေပမာဏအား နိုင်ငံတော်၏ ရသုံးစာရင်း အချက်အလက်အချို့နှင့် နှိုင်းယှဉ်ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

ပုံ (က) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ Other Accounts လက်ကျန်ငွေ ပမာဏအား အခြား ရသုံးငွေစာရင်း အချက်အလက်များနှင့် နှိုင်းယှဉ်ချက်





အရင်းမစိုက် လုပ်ပိုင်ခွင့် ရောင်းစားခြင်း (Rent collecting) သာ လုပ်နေသည့် သယံဇာတ တူးဖော်သော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ငွေသား အများဆုံး သိမ်းဆည်းထားလျက် ရှိသည်။ ထိုလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အကျိုးတူလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမြတ်ဝေစုအား ရယူနေရုံသာ ဖြစ်သောကြောင့် ဤကဲ့သို့ ငွေသားအမြောက်အများ စုဆောင်းထားရှိမိနေခြင်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံ အသီးအသီး၏ နိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများနှင့် ယှဉ်လျှင် MOGE မှ ထားရှိသော ငွေသားပမာဏသည် အများဆုံး ဖြစ်နေကြောင်း တွေ့ရပါသည် (ပုံ (ခ) တွင် ကြည့်ရှုရန်)။ လက်ရှိ အသုံးစရိတ် အခြေအနေ အတိုင်းသာဆိုလျှင် MOGE သည် ကုမ္ပဏီ၏ နောင် ၇ နှစ်စာ အသုံးစရိတ် ပမာဏကို ငွေသားဖြင့် သိမ်းဆည်းထားလျက်ရှိနေကြောင်း တွေ့ရပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည်လည်း နောင် နှစ်ပေါင်း ၁၇၂ နှစ်စာ အသုံးစရိတ် ပမာဏအား ငွေသားဖြင့် သိမ်းဆည်းထားလျက် ရှိနေကြောင်း တွေ့ရပါသည်။

ထို့ပြင် ဤ Other Account ငွေသားလက်ကျန်များအား မြန်မာကျပ်ငွေဖြင့် ထားရှိရမည်ဆိုသည့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းကြောင့် အတိုးရရှိနိုင်မည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ပုံစံတစ်ရပ်ရပ်ဖြင့် မထားရှိသည့်အတွက် ယင်းငွေပမာဏ၏ အမှန်တန်ဖိုးသည် နှစ်စဉ် လျော့နည်းလျက်ရှိပါသည်။ မိမိတို့၏ ခန့်မှန်းတွက်ချက်မှုများအရ ဤစည်းမျဉ်းစည်းကမ်း ပုံစံကြောင့် လွန်ခဲ့သော သုံးနှစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ တစ်နည်းအားဖြင့် နိုင်ငံတော်မှ ဝယ်နိုင်စွမ်း ပါဝါ (purchasing power) အားသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့ရပေသည်။
နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ယင်းတို့၏ ဝင်ငွေများအား စု

ဆောင်းထားနိုင်မှု နှင့် ယင်းတို့၏ Other Accounts များ ထားရှိမှုနှင့်စပ်လျဉ်းပြီး ပြုပြင်ပြောင်းလဲမှုများအား ချက်ခြင်း ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် မိမိတို့ရရှိသည့် အမြတ်အား မည်သည့်ပမာဏအထိ သိမ်းဆည်းထားရှိခွင့်နှင့် မည်သည့်ပမာဏအား နိုင်ငံတော်မှ စိုက်ထုတ်ပေးမည် ဆိုသည်တို့ကို လုပ်ငန်းများ၏ မဟာဗျူဟာ လိုအပ်ချက်များအပေါ် မှီတည်ပြီး ဆုံးဖြတ်ခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။ ကျန်ငွေအားလုံးကို ပြည်သူလူထုအတွက် လူမှုဝန်ဆောင်မှုများ နှင့် အခြေခံ အဆောက်အဦးများတွင် နိုင်ငံတော်မှ သုံးစွဲနိုင်ရန်အလို့ငှာ ထားရှိနိုင်ပေသည်။ ပိုလျှံစုဆောင်းငွေများကိုလည်း အတိုးရရှိနိုင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပုံစံတစ်ရပ်ရပ်ဖြင့် ထားရှိနိုင်ပေသည်။ ယင်းအချက်အလက်များအား ထင်သာမြင်သာ ရှိအောင် ပြည်သူလူထုအား ချပြသည့်အနေဖြင့် အွန်လိုင်းတွင် ထုတ်ပြန်နိုင်ပေသည်။ ထို့နောက် အခြား Other Account ငွေလက်ကျန်များကိုလည်း ပိုပြီး အကျိုးရှိသည့် နေရာများတွင် ပြောင်းလဲခွဲဝေ သတ်မှတ်နိုင်ပေသည်။ မိမိတို့၏ ခန့်မှန်းတွက်ချက်မှုများအရ MOGE နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း နှစ်ခုတို့မှ ပိုလျှံ စုဆောင်းငွေများနှင့်ပင် နောက်ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရသုံးအတွက် ကျပ်ငွေ ၂.၈ ထရီလီယံကျော် ထွက်လာနိုင်ပါသည်။ ထိုသို့ ပြောင်းလဲခွဲဝေ သုံးစွဲလိုက်သော်လည်း MOGE နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့၏ လုပ်ငန်းများသည် ပုံမှန်လည်ပတ်နိုင်ပြီး ရှိသင့်ရှိထိုက်သည့် ကုန်ကျစရိတ်များအား ဆက်လက်သုံးစွဲနိုင်ဦးမည် ဖြစ်ပါသည်။

ပုံ (ခ) နိုင်ငံတကာ နိုင်ငံပိုင် ရေနံကုမ္ပဏီများ၏ ငွေသားနှင့် စုစုပေါင်းပိုင်ဆိုင်မှု အချိုးအား နှိုင်းယှဉ်ဖော်ပြချက် (၂၀၁၅ ခုနှစ် (သို့) ယင်းထက်နောက်ကျသောနှစ်များ)




သို့သော် အမြတ်ငွေသိမ်းဆည်းထားမှုနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ ပြောင်းရုံဖြင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ပိုမို ထိထိရောက်ရောက် လည်ပတ်လာနိုင်ပြီး အမြတ်စွန်း ပိုမိုရလာနိုင်မည်တော့ မဟုတ်ပေ။ နိုင်ငံတော်အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ရပေမည်။ (၁) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဥပဒေနှင့် နည်းဥပဒေများ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရေးဆွဲခြင်း၊ (၂) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား မဟာဗျူဟာ လုပ်ငန်းစဉ်များ နှင့် စွမ်းဆောင်မှုရည်မှန်းချက်များ ဖော်ဆောင် ထားရှိစေခြင်း၊ (၃) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ် ထိန်းကြောင်းမှုအား ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း (၄) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေး အချက်အလက်များနှင့် လုပ်ဆောင်ချက်များအား ပိုမို ထင်သာမြင်သာ ရှိလာအောင် ပြည်သူအများအား ဖွင့်ပြပေးခြင်း စသည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ရပေမည်။

**ဥပဒေပိုင်းဆိုင်ရာ** – ၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေအရ စီးပွားရေးကဏ္ဍ အချို့အား အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်ဆိုပြီး သတ်မှတ်ပြဋ္ဌာန်းကာ ယင်းကဏ္ဍများအား နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား တစ်ဦးတည်း ဆောင်ရွက်နိုင်ခွင့် အာဏာကို အပ်နှင်းခဲ့သော်လည်း ထိုစီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များအား ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားရှိခြင်း မရှိပေ။ ထို့ကြောင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းကာ ဥပဒေအရ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းရှင်းလင်းလင်း ဖြစ်စေပြီး မူဝါဒချမှတ်မှုတွင်လည်း တသတ်မတ်တည်း ဖြစ်လာနိုင်ပါသည်။ ထို့အပြင် ထိန်းကျောင်းမည့် အဖွဲ့အစည်းများအား ယင်းလုပ်ငန်းများမှ အချက်အလက်များ ရယူရန် အတားအဆီး ဖြစ်နေသည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြင်ဆင်ရပေမည်။ ဥပမာအားဖြင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ စာရင်းစစ်ချက် ရလဒ်အပြည့်

အစုံအား အများပြည်သူ ကြည့်ရှုခွင့် ရှိရမည်ဆိုပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းနိုင်ပါသည်။ ထို့ပြင် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စာရင်းများအား အများပြည်သူ ကြည့်ရှုနိုင်ခွင့် ရှိရမည်ဆိုပြီး ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေတွင်လည်း ပြဋ္ဌာန်းနိုင်ပါသည်။

**မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များ** – အချို့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ရည်ရွယ်ချက်များနှင့် သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်များ ရှိသော်လည်း အများစုမှာ လုပ်ငန်း ရည်မှန်းချက်များနှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်များ ရှင်းရှင်းလင်းလင်း မရှိပေ။ ထို့ကြောင့် ယင်းလုပ်ငန်းများ၏ လိုအပ်သည့် အသုံးစရိတ်ပမာဏမှာလည်း ရှင်းလင်းမှု မရှိသည့်အပြင် ယင်းလုပ်ငန်းများသည် မိမိတို့ ချမှတ်ထားသော ရည်မှန်းချက်များ မည်ရွေ့မည်မျှ အကောင်အထည် ဖော်နေသည်ကိုလည်း နိုင်ငံတော်အစိုးရ အနေဖြင့် စောင့်ကြည့်ရန် အခက်အခဲ ရှိလာပေသည်။ သို့အတွက် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးတက်လာရန် ရှင်းလင်းပြီး ကိန်းဂဏန်းများဖြင့် ဖော်ပြထားသော တိကျသော အချိန်သတ်မှတ်ချက် ပါဝင်သည့် ရည်မှန်းချက်များ ထားရှိရန် အလွန် အရေးကြီးပေသည်။

**ပိုမိုအားကောင်းသော ထိန်းကြောင်းမှု** – လက်ရှိတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၏ ဆောင်ရွက်မှုများကို စောင့်ကြည့်ပေးရသည့် ဌာနအဖွဲ့အစည်းများ အများအပြားရှိသော်လည်း အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု သီးခြားဆောင်ရွက်နေပြီး ပူးပေါင်းဆောင်ရွက်မှု အားနည်းသည့်အပြင် ဥပဒေအရ ရှင်းလင်းသည့် တာဝန်ဝတ္တရားများ ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် စောင့်ကြည့်ထိန်းကြောင်းမှုအခန်းကဏ္ဍတွင် အားနည်းလျက်ရှိပေသည်။ ဥပမာအားဖြင့် မိခင်ဝန်ကြီးဌာနများသည် မိမိတို့လက်အောက်ရှိ စီးပွားရေးလုပ်ငန်းများ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ ရည်မှန်းချက်များအတိုင်း ဆောင်ရွက်နေမှု ရှိမရှိကို စောင့်ကြည့် ထိန်းကျောင်းပေးရန် တာဝန်ရှိပေသည်။ သို့သော် ဝန်ကြီးဌာနများသည် ယေဘုယျအားဖြင့် ထိုစီးပွားရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်ရာတွင် လွတ်လပ်မှုပေးထားပြီး တစ်ခါတရံ အစိုးရအဖွဲ့အတွင်းတွင် ထိုလုပ်ငန်းများအား ကိုယ်စားပြုပေးနေရသည့် အနေအထားတွင် ရှိနေသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအား စနစ်တကျ စစ်ဆေးပြီး ယင်းစီးပွားရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲရေး ဝန်ကြီးများအား ခန့်ထားခြင်း (သို့) တာဝန်မှ ရပ်စဲခြင်း နှင့် လုပ်ငန်းအား စနစ်တကျ ပြန်လည်ဖွဲ့စည်းရန် စီမံဘဏ္ဍာဝန်ကြီးဌာနတွင်လည်း လုံလောက်သည့် အခွင့်အာဏာ၊ သတင်းအချက်အလက် အပြည့်အစုံနှင့် ကျွမ်းကျင်မှု မရှိပေ။ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှုများ ဆောင်ရွက်သော်လည်း စွမ်းဆောင်ရည်ဆိုင်ရာ စာရင်းစစ်ခြင်းများ (performance audits) အား မလုပ်ဆောင်နိုင်သေးပါ။ ထို့ပြင် လက်ရှိတွင် စာရင်းစစ်ချက် အပြည့်အစုံအား ဖတ်ရှုနိုင်သည့် အမြင့်ဆုံး တာဝန်ရှိသူမှာ ထိုစီးပွားရေးလုပ်ငန်းများ၏ သက်ဆိုင်ရာ အုပ်ချုပ်မှု ဒါရိုက်တာများသာ ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများတွင် အောက်ပါအချက်များ ပါဝင်သင့်ပါသည်။

(၁) စီမံဘဏ္ဍာရေး ဝန်ကြီးဌာန (သို့မဟုတ်) အခြား လွတ်လပ်သော ပညာရှင် အဖွဲ့အစည်း professional agent အသစ်တစ်ခုခုအား တာဝန်ပေးကာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရည်မှန်းချက်များ ပြည့်မီမှု ရှိမရှိ နှင့် အုပ်ချုပ်ရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် အပြင် လုပ်ငန်းတစ်ခုချင်းစီ၏ ရသုံး အချက်အလက်များအား စောင့်ကြည့်စစ်ဆေးစေခြင်း၊ (၂) နိုင်ငံပိုင် လုပ်ငန်းများအား ယင်းတို့၏ အချက်အလက်များကို သက်ဆိုင်ရာ ထိန်းကြောင်းစောင့်ကြည့်သည့် ဌာနများထံ ပိုမို ပေးပို့စေခြင်း၊ (၃) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် လွတ်လပ်သည့် ဒါရိုက်တာ ဘုတ်အဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးခြင်း၊ (၄) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား လွတ်လပ်သည့် တတိယ စာရင်းစစ်အဖွဲ့များဖြင့် စာရင်းစစ်ခြင်း စသည်တို့ ဖြစ်ပါသည်။

**ပိုမိုပွင့်လင်းမြင်သာမှု** – လက်ရှိတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအား ပြည်သူများမှ အနည်းငယ်သာ သိရှိရပေသည်။ Natural Resource Governance Institute မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်သော သယံဇာတ အုပ်ချုပ်စီမံမှု အညွှန်းကိန်း (Resource Governance Index 2017) အရ ပွင့်လင်းမြင်သာမှုအချက်တွင် MOGE သည် နိုင်ငံတကာ အမျိုးသား ရေနံကုမ္ပဏီပေါင်း ၅၂ ခု အနက် အဆင့် ၃၆ သာ ချိတ်ဆွဲခဲ့သည်။ အခြားနိုင်ငံတကာ နိုင်ငံပိုင် သယံဇာတ တူးဖော်ရေးကုမ္ပဏီပေါင်း ၂၂ ခုအနက် မြန်မာ့ကျောက်မျက်လုပ်ငန်းမှာ အဆင့် ၂၁ တွင် ရှိသည်။ ပွင့်လင်းမြင်သာမှု ရှိခြင်းကြောင့် သက်ဆိုင်ရာ ထိန်းကြောင်းစောင့်ကြည့်သည့် ဌာနများအနေဖြင့် ယင်းတို့၏ တာဝန်အား ပိုမိုကျေပွန်စွာ ဆောင်ရွက်နိုင်သကဲ့သို့ အစိုးရနှင့် ပြည်သူလူထု အကြားတွင်လည်း ယုံကြည်မှု ပိုမိုတိုးတက် ရရှိလာနိုင်ပေသည်။ ပထမဦးဆုံး ခြေလှမ်းအနေဖြင့် ချီလီနိုင်ငံမှ Codelco၊ အိန္ဒိယမှ Indian Oil နှင့် ထိုင်းမှ PTT Thailand ကဲ့သို့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ဘဏ္ဍာရေးဆိုင်ရာနှင့် နှစ်စဉ် အစီရင်ခံစာများအား နိုင်ငံတကာစံနှုန်းများအတိုင်း ပြုစုထုတ်ပြန်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အထက်ဖော်ပြပါ ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ငွေ ထရီလီယံပေါင်းများစွာ ရှာဖွေဖော်ထုတ်ပေးနိုင်မည် ဖြစ်ပေသည်။ ထို့အပြင် ဤပြုပြင်ပြောင်းလဲရေးများသည် နောင်တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ကော်ပိုရေးရှင်းအသွင် ပြောင်းလဲခြင်း (သို့မဟုတ်) ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း (သို့မဟုတ်) လုံးဝရောင်းချခြင်း စသည့် နည်းလမ်းအမျိုးမျိုးတို့အား နိုင်ငံတော်မှ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။ ထို့အပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်စေခြင်း၊ ကုန်ကျစရိတ်အား လျှော့ချခြင်း၊ ပိုမိုကောင်းမွန်သော တဆင့်ခံ လုပ်ပိုင်ခွင့် (sub contract) များ ချပေးသည့်စနစ် ထားရှိခြင်း လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်စေခြင်းနှင့် အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်စေခြင်း စသည့် ဤအစီရင်ခံစာတွင် တင်ပြထားသော ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ရေရှည်တွင် မိမိခြေထောက်ပေါ် မိမိ ရပ်တည်လာနိုင်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည် ဖြစ်ပါပေသည်။

AUTHORS: Andrew Bauer, Arkar Hein, Khin Saw Htay, Matthew Hamilton and Paul Shortell

RENAISSANCE INSTITUTE

Natural Resource Governance Institute

### Renaissance Institute (ဉာဏ်သစ်လင်း သုတေသနအဖွဲ့)

Renaissance Institute (ဉာဏ်သစ်လင်း သုတေသနအဖွဲ့) သည် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အထောက်အကူပေးရန် အဓိကရည်ရွယ်သော ပညာရှင်အဖွဲ့ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဖွဲ့သည် မြန်မာ့စီးပွားရေး ပိုမို သန်စွမ်းလာရေးကို အဓိက အာရုံထားကာ မူဝါဒ ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေရန် ဆန်းစစ်လေ့လာမှုများ ပေးလျက်ရှိပြီး အစိုးရ၏ စွမ်းရည်တည်ဆောက်ရေး လုပ်ငန်းစဉ်ကိုလည်း ကူညီဆောင်ရွက်လျက် ရှိသည့်အပြင် အစိုးရနှင့် အခြား သက်ဆိုင်သူများအကြား ဆက်သွယ် ဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန်တို့ကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။ အထူးသဖြင့် လက်ရှိ အစိုးရ၏ ဦးစားပေး မူဝါဒများဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးတို့ကို ပံ့ပိုးကူညီလျက် ရှိပါသည်။

### Natural Resource Governance Institute (NRGI)

လွတ်လပ်ပြီး အကျိုးအမြတ် မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝ သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများအား မိမိတိုင်းပြည်မှ ထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချသုတေသနပြုခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးခြင်းနှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။